MWP

Myanmar Web Professional

လိပ်စာ - အမှတ် (၈၀၃) ၊ တတိယထပ် ၊ မင်္ဂလာလမ်း ၊ ၁၂ ရပ်ကွက် ၊ တောင်ဥက္ကလာပ မြို့နယ် ။
ဖုန်း - ၀၉ ၂၅ ၂၀၂ ၄၅၆၈ ၊ ၀၉ ၇၉ ၈၄၆ ၅၅၀၈
Email : admin@mmwebpro.com , info@mmwebpro.com
Website : www.mmwebpro.com

မင်္ဂလာပါ ခင်ဗျာ

**ဝက်ဘ်ဆိုက် Project တစ်ခု အတွက် ဝန်ဆောင်မှုများမှာ**

## ၁ - Domain Name

Domain Name ဆိုသည် မှာ အင်တာနက်ပေါ်တွင် ရှိသော Website လွှင့်တင်ထားသည့် လုပ်ငန်းများ ၏ လိပ်စာ သဘောမျိုးဖြစ်သည်။ Domain Name များကို ရိုးရိုးရှင်းရှင်း နှင့် အများနားလည်လွယ်မည့် အမည်များအား ပေးလေ့ရှိသည်။ ဝက်ဘ်ဆိုက် Package အားလုံး အတွက် ဒိုမိန်းအမည် တစ်ခု အတွက် နှစ်စဉ်ကြေး **၃၅၀၀၀** ကျပ် ကျသင့်မှာ ဖြစ်ပါတယ်။
ဥပမာ : www.yourbusiness.com

## ၂- Email Account

ကျွန်တော်တို့ ၏ Web Package များထဲမှ တစ်ခုကို ဝယ်ယူရုံဖြင့် မိမိတို့ လုပ်ငန်း ၏ ဒိုမိန်းအမည်ဖြင့် အသုံးပြုနိုင်သော Email account များကို ရရှိမှာ ဖြစ်ပါတယ်။ Web package အမျိုးအစား အားလုံး အတွက် အီးမေလ်း အကောင့် အရေအတွက် မှာ **အကန့်အသတ်မရှိ** ဖြစ်ပါတယ်။ သိုလှောင်ပမာဏ မှာ အကောင့် တစ်ခု လျှင် **10GB** ဖြစ်ပါတယ်။ အဆိုပါ ဒိုမိန်း အမည်ဖြင့် အီးမေလ်းများကို Yandex Email Server တွင် ထားရှိပါတယ်။
ဥပမာ : info@yourbusiness.com

## ၃ - Web Hosting

Web Hosting ဆိုသည်မှာ လူကြီးမင်းတို့ ၏ Website များကို ထားရှိသည့် နေရာ ကို ခေါ်ဆိုခြင်း ဖြစ်သည်။ လူကြီးမင်း တို့ ၏ Website များ ကို အင်တာနက်မှ ကြည့်ရှုရာ တွင် မြန်ဆန်စေရန် အတွက် ကမ္ဘာအဆင့်မီ Digital Ocean Cloud Hosting တွင် လူကြီးမင်း တို့၏ Website များကို ထားရှိပေးထားပါတယ် ။ Link : [https://www.digitalocean.com/](https://www.digitalocean.com/)

Hosting အတွက် လိုအပ်သော Security update, Virus Scan အစရှိသည်များကို အပတ်စဉ် update ပြုလုပ်ပေးပြီး Database Backup များကို နေ့စဉ် ပြုလုပ်ပေးပါတယ် ။

**မှတ်ချက် ။ ။ လူကြီးမင်းတို့ ၏ ကိုယ်ပိုင် Hosting အသုံးပြုမည် ဆိုပါက အဆိုပါ Security update, Virus Scan , Database backup များကို ပြုလုပ်ပေးလို့ ရမည် မဟုတ်ပါ။**

Web site လုပ်ငန်း နှင့် Web site Space အတွက် Package အလိုက် ကန့်သတ်ချက်များ ရှိပြီး ၊ web site တွင် ထားရှိမည့် file တစ်ခု စီ၏ ပမာဏမှာ 10MB ထက် မကျော်လွန်ရပါ ။ ဝက်ဘ်ဆိုက် အတွက် သာ သီးသန့်ဆာဗာ ဖြစ်ပြီး file size အကြီးစားများ (ဥပမာ Video fileများ ၊ 10MB ထက်ကျော်လွန်သော pdf ဖိုင်များ) ကို လက်ခံသော file server မဟုတ်သောကြောင့် ဖြစ်ပါတယ်။

## ၄ - CMS System

Web package အမျိုးအစားအားလုံး အတွက် CMS စနစ်ပါဝင်ပြီး ဖြစ်ပါတယ်။ လူကြီးမင်းတို့ဘက်မှ Web Site အချက်အလက်များ ၊ ဈေးနှုန်းများ ၊ ရုပ်ပုံများ ကို ကိုယ်တိုင်ပြင်ဆင် နိုင်သည့် စနစ် ဖြစ်ပါတယ်။ အဆိုပါ ကိုယ်တိုင်ပြင် စနစ် အတွက် user guide ကို pdf format ဖြင့် ပေးပို့မှာ ဖြစ်ပါတယ် ။ သို့သော် အချိန် မအားလပ်၍ ကိုယ်တိုင် ပြင်ဆင်ခြင်း မပြုလုပ်နိုင်ပါက MWP မှ အခမဲ့ ဒေတာ Update ပြုလုပ်ပေးမည် ဖြစ်ပါသည် ။

## ၅ - Contact Form

ပြည်တွင်းမှ ဖြစ်စေ ၊ ပြည်ပမှ ဖြစ်စေ အမှာစာများ ကို လက်ခံ ရရှိနိုင်သော Reservation  Form ၊ Enquiry Form ၊ Enroll Form များကို အခမဲ့ ရရှိနိုင်မည် ဖြစ်ပါသည် ။ ထို့အပြင် Location map (Google Map) များ ၊ Social Network Sharing ပြုလုပ်ခြင်းများလည်း ပါဝင်မှာ ဖြစ်ပါတယ် ။ Chat room အနေဖြင့် မိမိတို့ လုပ်ငန်း ၏ Facebook page ဖြင့် ချိတ်ဆက်ထားမည့် messenger chat ကို ထည့်သွင်းပေးမှာ ဖြစ်ပါတယ်။

## ၆ - အခြား ဝန်ဆောင်မှုများ

**Google Analytics**

Google analytics ဆိုသည်မှာ သင်၏ ဝက်ဘ်ဆိုက် ၏ နေ့စဉ် ၊ လစဉ် ဝင်ရောက်ကြည့်ရှုသည့် အရေအတွက် ကို ခြေရာခံသည့် စနစ် ဖြစ်ပါတယ်။ ဝက်ဘ်ဆိုက် လုပ်ငန်းသာ မကပဲ ကြည့်ရှုသူ၏ အချက်အလက်များ ဖြစ်သည့် (အသုံးပြုသည့် Device ၊ နိုင်ငံ ၊ ကြာမြင့်ချိန် ) စသည်တို့ကိုပါ အသေးစိတ် ကြည့်လို့ ရမှာ ဖြစ်ပါတယ်။ လစဉ် Google Analytics Report ကို သင့်ထံသို့ ပေးပို့မှာ ဖြစ်ပါတယ်။

**SEO Services**

Search Engine optimization ( SEO Services ) ဆိုသည်မှာ သင် ၏ web site အပါအဝင် web pages link များကို Google , Yahoo , Bing စသည် များ တွင် ရှာဖွေ တွေ့ရှိ နိုင် စေသော services ဖြစ်ပါတယ် ။  ကျွန်တော် တို့ ၏ မည်သည့် Package ကို ဝယ်ယူ သည် ဖြစ်စေ SEO Services ကို အခမဲ့ လုပ်ဆောင်ပေးမှာ ဖြစ်ပါတယ်။

# စည်းကမ်းချက် ၊ နှင့် သဘောတူညီချက်များ

## စရံငွေ ပေးချေခြင်း နှင့် ဒီဇိုင်း ရေးဆွဲခြင်း

- ❖ ဝက်ဘ်ဆိုက် စတင် ရေးဆွဲရန် သဘောတူညီချက် ရသည့် အခါ ရေးဆွဲမည့် ဝက်ဘ်ဆိုက် အမျိုးအစား အလိုက် တစ်ပတ် အတွင်း ဝက်ဘ်ဆိုက် ဒီဇိုင်းကို ပြသမည် ဖြစ်ပြီး အလုပ်အပ်သူ ဘက်မှ ဒီဇိုင်းကို စိတ်ကြိုက် ပြင်ဆင် ခြင်း ပြောင်းလဲခြင်းများ ပြုလုပ်နိုင်ပါသည် ။
- ❖ ဝက်ဘ်ဆိုက် ဒီဇိုင်း နှင့် ပတ်သက်၍ စိတ်တိုင်းကျပါက စရံငွေ ၅၀% ကို ပေးချေရမှာ ဖြစ်ပါတယ်။
- ❖ ထို့နောက် ဝက်ဘ်ဆိုက် ရေးဆွဲခြင်း အဆင့် ကို ပြုလုပ်မည် ဖြစ်ပြီး ဝက်ဘ်ဆိုက် ဒီဇိုင်း ကို အသေးစား ပြင်ဆင်ခွင့် သာ ပြုလုပ်ပေးမည် ဖြစ်ပါသည် ။
- ❖ (အကြီးစား ပြင်ဆင်မည် ဆိုပါက Package အမျိုးအစားအလိုက် ကျသင့်ငွေ ၏ ၅၀% ကို ဒီဇိုင်းပြင်ဆင်ကြေး အဖြစ် ထပ်မံ ပေးချေရမည် ဖြစ်ပါသည်။)

## ကြာမြင့်ချိန် နှင့် ငွေ အကျေပေးချေခြင်း

- ❖ ဝက်ဘ်ဆိုက် ရေးဆွဲသည့် ကာလမှာ အလုပ်အပ်သူဘက် မှ ဒေတာ ( စာသား ၊ ဓါတ်ပုံ နှင့် အခြား ဖိုင်များ ) ပေးသည့် ဒေတာ အနည်းအများ ပေါ်မူတည် ပြီး တစ်ပတ် မှ တစ်လ အထိ ကြာမြင့် နိုင်ပါသည် ။
- ❖ ဝက်ဘ်ဆိုက် ၏ ပြီးစီးမှု ၈၀ ရာခိုင်နှုန်း ပြီးစီးလျှင် ဖြစ်စေ ၊ ဝက်ဘ်ဆိုက် ရေးဆွဲကာလ တစ်လ ကျော်လျှင်ဖြစ်စေ ကျန်ငွေ ၅၀ ရာခိုင်နှုန်း ကို ပေးချေရပါမည် ။

## ဒေတာများ (ဓါတ်ပုံ၊ စာသား ၊ သတင်းအချက်အလက်များ)

- ❖ ဝက်ဘ်ဆိုက် ဒေတာများ နှင့် ပတ်သက်၍ ဒေတာ (စာသား ၊ ဓာတ်ပုံ နှင့် အခြား ဖိုင်များ) ကို အလုပ်အပ်သူ ဘက်မှ ဝက်ဘ်ဆိုက် ဒီဇိုင်း ရေးဆွဲနေစဉ် ကာလ တစ်ပတ် အတွင်း ဖြစ်စေ ၊ အလုပ်မအပ်မီ စရံငွေ မပေးချေ ရသေးခင် ကာလ၌ ဖြစ်စေ ၊ ဝက်ဘ်ဆိုက် ရေးဆွဲနေစဉ် ကာလ အတွင်း ၌ ဖြစ်စေ ပေးနိုင်ပါသည်။
- ❖ ဝက်ဘ်ဆိုက် ရေးဆွဲ ပြီး သည့် ကာလ နောက်ပိုင်း ဒေတာများ ပြင်ဆင်ခြင်း ဖြည့်စွက်ခြင်းများ အတွက် အပိုကြေး အခကြေးငွေ လုံးဝ မယူပါ ။ သို့သော် ဒေတာများကို အလုပ်အပ်သူ မှ အီးမေလ်း မှ တဆင့် သာပေးပို့သည့် ဒေတာများ ၊ လူကိုယ်တိုင်လာရောက်ပေးပို့သော ဒေတာများ အတွက် သာ  အကြုံးဝင်ပါသည် ။ ဒေတာများ ကို လာရောက်ယူမည် မဟုတ်ပါ။
- ❖ ဒေတာများ ပေးရာတွင် စာသား များ ၊ ဓါတ်ပုံများ ကို Soft Copy ဖြင့်သာ ပေးရမည် ဖြစ်ပါသည်။
- ❖ ဝက်ဘ်ဆိုက် အတွက် လိုအပ်သော ဒေတာများ ၊ ဓါတ်ပုံများ ၊ ဖိုင်များကို အလုပ်အပ်သူ ဘက်မှ ပေးရမည် ဖြစ်ပြီး ဒေတာများ နှင့် ပတ်သက်၍ ပြဿနာ တစုံတရာ ဖြစ်ပွားပါက အလုပ်အပ်သူ ဘက်မှ တာဝန်သာ ဖြစ်ပါသည် ။

## ဝက်ဘ်ဆိုက် သက်တမ်း

- ❖ ဝက်ဘ်ဆိုက် ၏ သက်တမ်းမှာ စရံငွေ ပေးချေသည့် နေ့ နှင့် ဒိုမိန်းအမည် ဝယ်ယူသည့် နေ့မှ စတင်မည် ဖြစ်ပြီး သက်တမ်းတစ်နှစ် ပြည့်ပါက ကုန်ဆုံးမည် ဖြစ်ပါသည်။
- ❖ ဝက်ဘ်ဆိုက် သက်တမ်း မကုန်မီ တစ်လ ကြိုတင် ၍  အီးမေလ်း ဖြင့် အကြောင်းကြားပါမည် ။
- ❖ ဝက်ဘ်ဆိုက် သက်တမ်း ကုန်ဆုံးပြီး မှ သက်တမ်း တိုးပါက သက်တမ်းလွန်ကြေး **နှစ်သောင်း** ထပ်မံ ပေးဆောင်ရမည် ဖြစ်ပါသည် ။

## မူပိုင်ခွင့်နှင့် စာချုပ် ဖျက်သိမ်းခြင်း

- ဝက်ဘ်ဆိုက် တွင် အသုံးပြုသော ဒေတာများ စာရွက်စာတမ်းများ ၊ ဓါတ်ပုံ များ၏ မူပိုင်ခွင့် များ နှင့် ပတ်သက်၍ ပြဿနာ ဖြစ်ပွားပါက အလုပ်အပ် သူ ဘက်မှ တာဝန်သာ ဖြစ်ပါသည် ။
- Google မှာ ရှာဖွေထားသော ပုံများ ၊ အခြား ဝက်ဘ်ဆိုက်မှ ကူးယူပြီး တင်ထားသော ပုံများ အသုံးပြုမှု အတွက်လည်း အလုပ်အပ်သူ ဘက်မှ တာဝန်သာ ဖြစ်ပါသည် ။
- တရားဥပဒေဖြင့် မလွတ်ကင်းသော အချက်အလက်များ ၊ မူပိုင်ခွင့် နှင့် ခွင့်ပြုချက်မဲ့ ကုန်ပစ္စည်းများ ကို ရောင်းချပါက MWP ဘက်မှ အချိန်မရွေး ဝက်ဘ်ဆိုက် ကို ပိတ်သိမ်းခွင့် နှင့် စာချုပ်ကို ဖျက်သိမ်းခွင့် ရှိပါသည်။

## ဝက်ဘ်ဆိုက် ကို Update ပြုလုပ်ခြင်း

- Package တိုင်းတွင် CMS ( ကိုယ်တိုင်ပြင်ဆင်နိုင်သော စနစ်) ပါဝင်ပြီး ဖြစ်ပါသည်။ အချက်အလက်များ ထည့်သွင်းခြင်း ၊ပြင်ဆင်ခြင်း များ အတွက် MWP မှ အလုပ်အပ်သူ ကိုဖြစ်စေ ၊ အလုပ်အပ်သူ ဘက်မှ ဝန်ထမ်း ကို ဖြစ်စေ နှစ်ကြိမ် တိတိ အသုံးပြုနည်းကို လာရောက် ပြသပေးပါမည် ။ အဆိုပါ သုံးစွဲနည်းကိုလည်း PDF ဖြင့် User Guide တစ်ခု ပေးမည် ဖြစ်ပါသည်။
- သို့သော် အချိန် မအားလပ်၍ ကိုယ်တိုင် ပြင်ဆင်ခြင်း မပြုလုပ်နိုင်ပါက MWP မှ အခမဲ့ ဒေတာ Update ပြုလုပ်ပေးမည် ဖြစ်ပါသည် ။
- ဝက်ဘ်ဆိုက် ဒေတာ Update ပြုလုပ်ခြင်း နှင့် ပတ်သက်၍ ဒေတာကို အီးမေလ် ဖြင့် ဖြစ်စေ ၊ လူကိုယ်တိုင် ဖြစ်စေ ပေးပို့ ခြင်းကို သာ လက်ခံမည် ဖြစ်ပြီး ဒေတာကို လာရောက် ယူမည် မဟုတ်ပါ ။
- အီးမေလ်း ဖြင့် ပေးပို့လိုပါက admin@mmwebpro.com ကို ပေးပို့နိုင် ပြီး ၊ လူကိုယ်တိုင် လာရောက်ပေးပို့လိုပါ က MWP ရုံးခန်း သို့ လာရောက်ပေးပို့နိုင်ပါသည် ။
- ဒေတာများကို ပေးပို့ရာတွင် စာသားများ အတွက် Microsoft Word File ဖြင့် ရိုက်ပြီး ပေးပို့ ရမည် ဖြစ်ပြီး ၊ ဓါတ်ပုံများ အတွက် JPG ဖိုင် ဖြင့် ပေးပို့ ရမည် ဖြစ်ပါသည် ။
- ဒေတာ Update ပြုလုပ်သည့် ကြာမြင့်ချိန် မှာ ပေးပို့ သည့် ဒေတာ အနည်းအများ ပေါ်တွင် ၎င်း၊ အင်တာနက် ကွန်နက် ရှင် ပေါ်တွင် ၎င်း မူတည်ပါသည် ။

## ဝက်ဘ်ဆိုက်ကို လွှဲပြောင်းခြင်း

အကယ်၍ အလုပ်အပ်သူ မှ အခြား Web Company တစ်ခု သို့ ပြောင်းလဲ ရေးဆွဲ လိုပါက MWP မှ ပြန်လည် ပေးမည့် ဝန်ဆောင်မှု များမှာ -

- ဒိုမိန်း အမည် ကို ပြန်လည် လွှဲပြောင်းပေးပါမည်။
- Web Site Design ကို နောက်ကုမ္ပဏီ မှ ပြန်လည် မှီငြမ်းခွင့် ရှိပါသည်။
- လက်ရှိ ဆိုက်တွင် ဖြည့်သွင်းထားသော ကုန်ပစ္စည်း စာသား များ ၊ ဓာတ်ပုံ များကို HTML Format ဖြင့် CD / Zip file / Softcopy တခုခု ဖြင့် ပြန်လည် ပေးပါမည် ။
- Web Site CMS ၏ Database File များ ၊ PHP Source Code များ ကို မူ ပြန်လည် ပေးမည် မဟုတ်ပါ

# အမျိုးအစားများ

## Silver Package

| | |
|---|---|
| ပထမ နှစ် ဈေးနှုန်း | ၈၀၀၀၀ (ရှစ်သောင်း) ကျပ် |
| သက်တမ်းတိုး နှစ်များ အတွက် ဈေးနှုန်း | ၈၀၀၀၀ (ရှစ်သောင်း) ကျပ် |
| ဝက်ဘ် စာမျက်နှာ အရေအတွက် | ၁ မျက်နှာ |
| သင့်လျော်သော လုပ်ငန်းများ | Silver Package သည် အသေးစား လုပ်ငန်းများ ၊ တပိုင်တနိုင် လုပ်ငန်းများ ၊ မိမိ ကုန်ပစ္စည်း ၊ ဝန်ဆောင်မှု ၊ တည်နေရာ စသည် တို့ ကို Online ပေါ်တွင် ကြော်ငြာ ချင်သည့် သူများ အတွက် သင့်လျော်ပါသည် ။ |
| အခြား ဝန်ဆောင်မှုများ | • ဆက်သွယ်ရန် Form<br>• Google Map ဖြင့် ချိတ်ဆက်ခြင်း<br>• Facebook Page ဖြင့် ချိတ်ဆက်ခြင်း (Facebook Page မရှိပါက အခမဲ့ ပြုလုပ်ပေးမှာ ဖြစ်ပါတယ်) |

## Gold Package

| | |
|---|---|
| ပထမ နှစ် ဈေးနှုန်း | ၁၅၀၀၀၀ (တစ်သိန်းငါးသောင်း) ကျပ် |
| သက်တမ်းတိုး နှစ်များ အတွက် ဈေးနှုန်း | ၁၀၀၀၀၀ (တစ်သိန်း) ကျပ် |
| ဝက်ဘ်ဆိုက် ဒီဇိုင်း အသစ် ပြောင်းလဲပါက ထပ်မံ အပိုဆောင်း ပေးချေရမည့် ဈေးနှုန်း | ၅၀၀၀၀ (ငါးသောင်း) ကျပ် |
| ဝက်ဘ် စာမျက်နှာ အရေအတွက် | ၁၅ မျက်နှာ |
| သင့်လျော်သော လုပ်ငန်းများ | Gold Package သည် အရောင်းဆိုင်များ ၊ သင်တန်းကျောင်းများ ၊ သွင်းကုန်ထုတ်ကုန် ကုမ္ပဏီ များ ၊ လူမှုရေး လုပ်ငန်းများ ၊ ကျောက်မျက်ရတနာ ဆိုင်များ ၊ |
| အခြား ဝန်ဆောင်မှုများ | • ဆက်သွယ်ရန် Form<br>• အလုပ်ခေါ်စာများ နှင့် အလုပ်လျှောက်ရန် Form<br>• Reservation , Enroll Form<br>• ဝက်ဘ်ဆိုက် တွင် ရှိသော အချက်အလက်များ ရှာဖွေသည့် Search Box |

| | |
|---|---|
| | ဆောက်လုပ်ရေး လုပ်ငန်းများ စသည့် အလတ်စား နှင့် အကြီးစား စီးပွားရေး လုပ်ငန်းများ အတွက် သင့်လျော်ပါသည် ။ |
| | • Google Map ဖြင့် ချိတ်ဆက်ခြင်း<br>• Facebook Page ဖြင့် ချိတ်ဆက်ခြင်း (Facebook Page မရှိပါက အခမဲ့ ပြုလုပ်ပေးမှာ ဖြစ်ပါတယ်) |

## Diamond Package

| | |
|---|---|
| ပထမ နှစ် ဈေးနှုန်း | ၂၀၀၀၀၀ (နှစ်သိန်း) ကျပ် |
| သက်တမ်းတိုး နှစ်များ အတွက် ဈေးနှုန်း | ၁၅၀၀၀၀ (တစ်သိန်းငါးသောင်း) ကျပ် |
| ဝက်ဘ်ဆိုက် ဒီဇိုင်း အသစ် ပြောင်းလဲပါက ထပ်မံ အပိုဆောင်း ပေးချေရမည့် ဈေးနှုန်း | ၅၀၀၀၀ (ငါးသောင်း) ကျပ် |
| ဝက်ဘ် စာမျက်နှာ အရေအတွက် | ၃၀ မျက်နှာ |
| သင့်လျော်သော လုပ်ငန်းများ | Diamond Package သည် NGO များ၊ လုပ်ငန်းများစွာ ရှိသော ကုမ္ပဏီများ၊ ကုန်ပစ္စည်း အမျိုးအစား များစွာ ထုတ်လုပ်သော လုပ်ငန်းများ၊ သင်တန်းကျောင်းကြီး များ စသည် လုပ်ငန်းကြီးများ အတွက် မိမိတို့ လုပ်ငန်း အကြောင်းကို ကျယ်ကျယ် ပြန့်ပြန့် ဖော်ပြနိုင်စေရန် အတွက် သင့်လျော်ပါသည် ။ |
| အခြား ဝန်ဆောင်မှုများ | • ဆက်သွယ်ရန် Form<br>• အလုပ်ခေါ်စာများ နှင့် အလုပ်လျှောက်ရန် Form<br>• Reservation , Enroll Form<br>• ဝက်ဘ်ဆိုက် တွင် ရှိသော အချက်အလက်များ ရှာဖွေသည့် Search Box<br>• Google Map ဖြင့် ချိတ်ဆက်ခြင်း<br>• Facebook Page ဖြင့် ချိတ်ဆက်ခြင်း (Facebook Page မရှိပါက အခမဲ့ ပြုလုပ်ပေးမှာ ဖြစ်ပါတယ်) |

**Organization Package**

| | |
|---|---|
| ပထမ နှစ် ဈေးနှုန်း | ၂၅၀၀၀၀ (နှစ်သိန်းငါးသောင်း) ကျပ် |
| သက်တမ်းတိုး နှစ်များ<br>အတွက် ဈေးနှုန်း | ၂၀၀၀၀၀ (နှစ်သိန်း) ကျပ် |
| ဝက်ဘ်ဆိုက် ဒီဇိုင်း<br>အသစ် ပြောင်းလဲပါက ထပ်မံ<br>အပိုဆောင်း ပေးချေရမည့် ဈေးနှုန်း | ၅၀၀၀၀ (ငါးသောင်း) ကျပ် |
| ဝက်ဘ် စာမျက်နှာ အရေအတွက် | အရေအတွက် အကန့်အသတ် မရှိ |
| သင့်လျော်သော လုပ်ငန်းများ | Organization Package သည် စီးပွားရေး လုပ်ငန်းကြီးများ ၊ NGO များ ၊ အသင်းအဖွဲ့များ ၊ သင်တန်းကျောင်းကြီးများ စသည့် မိမိတို့ လုပ်ငန်း ၏ သတင်းအချက်အလက် များကို အင်တာနက်ပေါ်တွင် စဉ်ဆက်မပြတ် Update ပြုလုပ်လို သူများ အတွက် သင့်လျော်ပါသည် ။ |
| အခြား ဝန်ဆောင်မှုများ | • ဆက်သွယ်ရန် Form<br>• အလုပ်ခေါ်စာများ နှင့် အလုပ်လျှောက်ရန် Form<br>• Reservation , Enroll Form<br>• ဝက်ဘ်ဆိုက် တွင် ရှိသော အချက်အလက်များ ရှာဖွေသည့် Search Box<br>• Google Map ဖြင့် ချိတ်ဆက်ခြင်း<br>• Facebook Page ဖြင့် ချိတ်ဆက်ခြင်း (Facebook Page မရှိပါက အခမဲ့ ပြုလုပ်ပေးမှာ ဖြစ်ပါတယ်) |

**Travel and Tour Package**

| | |
|---|---|
| ပထမ နှစ် ဈေးနှုန်း | ၃၀၀၀၀၀ (သုံးသိန်း) ကျပ် |
| သက်တမ်းတိုး နှစ်များ အတွက် ဈေးနှုန်း | ၂၀၀၀၀၀ (နှစ်သိန်း) ကျပ် |
| ဝက်ဘ်ဆိုက် ဒီဇိုင်း အသစ် ပြောင်းလဲပါက ထပ်မံ အပိုဆောင်း ပေးချေရမည့် ဈေးနှုန်း | ၅၀၀၀၀ (ငါးသောင်း) ကျပ် |
| ဝက်ဘ် စာမျက်နှာ အရေအတွက် | အရေအတွက် အကန့်အသတ် မရှိ |
| သင့်လျော်သော လုပ်ငန်းများ | Travel & Tour Package သည် ခရီးသွား လုပ်ငန်း များ အတွက် သီးသန့် အမျိုးအစား ဖြစ်ပါသည် ။<br>Tour Program တစ်ခုချင်းစီ အတွက် အသေးစိတ် အချက်အလက်များ အပြင် ၊ ပြည်တွင်းပြည်ပ နေရာများ ၊ ဟိုတယ် အချက်အလက်များ ၊ ခရီးသွားလာခြင်း ဆိုင်ရာ အချက်အလက်များကို အကန့်အသတ် မရှိ ထားရှိနိုင်မှာ ဖြစ်ပါတယ်။ |
| အခြား ဝန်ဆောင်မှုများ | • Tour Program များကို အသေးစိတ် ရှာဖွေနိုင်သည့် Search Form<br>• ဆက်သွယ်ရန် Form, Reservation Form များ, Booking Form များ<br>• အလုပ်ခေါ်စာများ နှင့် အလုပ်လျှောက်ရန် Form<br>• Google Map ဖြင့် ချိတ်ဆက်ခြင်း<br>• Facebook Page ဖြင့် ချိတ်ဆက်ခြင်း (Facebook Page မရှိပါက အခမဲ့ ပြုလုပ်ပေးမှာ ဖြစ်ပါတယ်) |

(ဝက်ဘ်ဆိုက် ဒီဇိုင်း အသစ် ပြောင်းလဲခြင်း အတွက် အပိုဆောင်းပေးချေရမည့် ဈေးနှုန်းမှာ ဝက်ဘ်ဆိုက် တစ်ခု လုံး ၏ ဒီဇိုင်းကို ပြောင်းလဲခြင်း အတွက်သာ ကောက်ခံခြင်း ဖြစ်ပြီး ပုံမှန် ဒေတာ အချက်အလက်ပြောင်းလဲခြင်း ၊ ဓာတ်ပုံများ ပြောင်းလဲခြင်း တို့ အတွက် ပေးချေစရာ မလိုအပ်ပါ)

| ✖ = မပါဝင်ပါ , ✔ = ပါဝင်သည် | | | | | |
|---|---|---|---|---|---|
| **အမျိုးအစား** | **Silver** | **Gold** | **Diamond** | **Organization** | **Travel & Tour** |
| ပထမနှစ်ဈေးနှုန်း | ၈၀ ၀၀၀ | ၁၅၀ ၀၀၀ | ၂၀၀ ၀၀၀ | ၂၅၀ ၀၀၀ | ၃၀၀ ၀၀၀ |
| သက်တမ်းတိုး နှစ်ဈေးနှုန်း | ၈၀ ၀၀၀ | ၁၀၀ ၀၀၀ | ၁၅၀ ၀၀၀ | ၂၀၀ ၀၀၀ | ၂၀၀ ၀၀၀ |
| ဝက်ဘ်ဆိုက် ဒီဇိုင်း အသစ်ပြောင်းလဲပါက ထပ်မံ အပိုဆောင်း ပေးချေရမည့်ဈေးနှုန်း | - | ၅၀ ၀၀၀ | ၅၀ ၀၀၀ | ၅၀ ၀၀၀ | ၅၀ ၀၀၀ |
| ဝက်ဘ် စာမျက်နှာ အရေအတွက် | ၁ | ၁၅ | ၃၀ | အကန့်အသတ် မရှိ | အကန့်အသတ်မ ရှိ |
| ကိုယ်တိုင်ပြင် CMS စနစ် | ✔ | ✔ | ✔ | ✔ | ✔ |
| ဒေတာပြင်ဆင်ခြင်း (ကိုယ်တိုင်ပြင်ရန် မအားလပ်ပါက MWP ဘက်မှဒေတာပြင်ဆင်ပေးသည့် အကြိမ် အရေအတွက်) | တစ်လ တစ်ကြိမ် | တစ်လ တစ်ကြိမ် | တစ်လ တစ်ကြိမ် | တစ်လ တစ်ကြိမ် | တစ်လ တစ်ကြိမ် |
| ဓာတ်ပုံ Gallery | ✖ | ✔ | ✔ | ✔ | ✔ |
| Banner Image အရေအတွက် | ၁ | ၃ | ၅ | ၅ | ၅ |
| | | | | | |
| ဆက်သွယ်ရန် Form | ✔ | ✔ | ✔ | ✔ | ✔ |
| အလုပ်ခေါ်စာများ နှင့် အလုပ်လျှောက်ရန် Form | ✖ | ✔ | ✔ | ✔ | ✔ |
| Reservation , Enroll Form | ✖ | ✔ | ✔ | ✔ | ✔ |
| Google Map ဖြင့် ချိတ်ဆက်ခြင်း | ✔ | ✔ | ✔ | ✔ | ✔ |
| ဝက်ဘ်ဆိုက် တွင် ရှိသော အချက်အလက်များ ရှာဖွေသည့် Search Box | ✖ | ✔ | ✔ | ✔ | ✔ |

| **ဝက်ဘ်ဆိုက် ထားရှိသည့် ဆာဗာ ဆိုင်ရာ အချက်အလက်များ** | | | | | |
|---|---|---|---|---|---|
| Server Location | USA | USA | USA | USA | USA |
| Server Disk Space | 1GB | 5GB | 10GB | 10GB | 10GB |
| Server Bandwidth | 5GB | 20GB | 50GB | 50GB | 50GB |
| ဝက်ဘ်ဆိုက်များအတွက် လုံခြုံရေး နှင့် ထိန်းသိမ်းခြင်း | ✔ | ✔ | ✔ | ✔ | ✔ |
| လစဉ် Back Upပြုလုပ်ခြင်း | ✔ | ✔ | ✔ | ✔ | ✔ |
| **အီးမေလ်း** | | | | | |
| အီးမေလ်း အရေအတွက် | အကန့် အသတ်မရှိ | အကန့် အသတ်မရှိ | အကန့် အသတ်မရှိ | အကန့်အသတ် မရှိ | အကန့်အသတ် မရှိ |
| သိုလှောင်ပမာဏ | 10GB | 10GB | 10GB | 10GB | 10GB |
| | | | | | |
| **အခြား ဝန်ဆောင်မှု** | | | | | |
| Facebook page ဖြင့် ချိတ်ဆက်ခြင်း | ✔ | ✔ | ✔ | ✔ | ✔ |
| Search Engine များတွင် ဝက်ဘ်ဆိုက်ကိုပေါ်အောင် ပြုလုပ်ခြင်း | ✔ | ✔ | ✔ | ✔ | ✔ |
| Google Map တွင် လုပ်ငန်းတည်နေရာကို ထည့်သွင်းခြင်း | ✔ | ✔ | ✔ | ✔ | ✔ |
| Social Network များပေါ်တွင် ဝက်ဘ်ဆိုက်ကို Sharingပြုလုပ်ခြင်း | ✔ | ✔ | ✔ | ✔ | ✔ |
| **Domain Price** | | | | | |
| ဒိုမိန်းအမည် တစ်ခုလျှင် | ၃၅၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ |